ပြည်ထောင်စုလွှတ်တော်ရုံး
သုတေသနဌာန

ရက်စွဲ၊ ၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၁၅ ရက်

# ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဥပဒေကြမ်းဆိုင်ရာအချက်အလက်များ

## အကျဉ်းချုပ်

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဥပဒေကြမ်း အသစ်ရေးဆွဲ ပြဋ္ဌာန်းနိုင်ရေးအတွက် အစည်းအဝေးများကို (၇) ကြိမ်တိုင်တိုင် ကျင်းပပြုလုပ်ခဲ့ပါသည်။ အစည်းအဝေးများ၏ ဆွေးနွေးမှုများမှ ရရှိလာသော အချက်အလက်များကို အခြေခံ၍ ဥပဒေကြမ်းအား ရေးဆွဲခဲ့ခြင်း ဖြစ်ပါသည်။ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဥပဒေကြမ်းကို ပြည်သူများ သိရှိလေ့လာ အကြံပြုနိုင်ရန် ၂၉-၁၂-၂၀၁၈၊ ၃၀-၁၂-၂၀၁၈ နှင့် ၃၁-၁၂-၂၀၁၈ ရက်နေ့များတွင် ထုတ်ဝေသော မြန်မာ့အလင်း သတင်းစာများ၌ ဖော်ပြထားပါသည်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ကျေးလက်လူမှုဘဝ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီမှ ပေးပို့သော ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်၌ စတင်ဆွေးနွေးရန် ပြည်ထောင်စုလွှတ်တော်မှ ၁၄-၂-၂၀၁၉ ရက်နေ့တွင် ပေးပို့ခဲ့ပါသည်။ ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေး ဥပဒေကြမ်းတွင် အခန်း (၁၂) ခန်းနှင့် အပိုဒ်ပေါင်း (၄၈) ပိုဒ် ပါဝင်ပါသည်။

၎င်းဥပဒေကြမ်းတွင် ကြီးကြပ်မှုကော်မတီ ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ၊ ဦးစီးဌာန၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ၊ ကျေးလက်ဒေသနေ ပြည်သူများ၏ တာဝန်နှင့်ရပိုင်ခွင့်များ၊ ကျေးလက်ဒေသ ရေရရှိရေး၊ ပတ်ဝန်းကျင် သန့်ရှင်းရေးနှင့်တစ်ကိုယ်ရေ သန့်ရှင်းရေးလုပ်ငန်းများ၊ ကျေးလက်ဒေသ လျှပ်စစ်မီး ရရှိရေးလုပ်ငန်း၊ ကျေးလက်ဒေသ အိမ်ရာတည်ဆောက်ရေးလုပ်ငန်း၊ အရင်းမပျောက် မတည်ရန်ပုံငွေ ထူထောင်ပေးခြင်းလုပ်ငန်း၊ ဘဏ္ဍာရန်ပုံငွေ ထိန်းသိမ်းခြင်း၊ စာရင်းစစ်ဆေးခြင်းနှင့် ပြစ်မှုနှင့်ပြစ်ဒဏ်များ ပါဝင်ပါသည်။

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁) ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၂၄) ရက်မြောက် နေ့တွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေကြမ်းနှင့်စပ်လျဉ်း၍ တင်သွင်းထားသည့် ပြင်ဆင်ချက် အဆိုကို အတည်ပြုခဲ့ပြီး ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၉၁ အရ အမျိုးသားလွှတ်တော်၌ ဆွေးနွေးရန် ပေးပို့ခဲ့ပါသည်။

သုတေသနစာတမ်းတိုအမှတ် (၆၉)

ဤစာတမ်းတိုနှင့်ပတ်သက်၍ သတိပြုရန်အချက်များအား နောက်ဆုံးစာမျက်နှာတွင် ဖော်ပြထားပါသည်။

# မာတိကာ


| အခန်း | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁ | နောက်ခံအကြောင်းအရာများ | ၁ |
| ၂ | ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဥပဒေကြမ်းပါ ပြဋ္ဌာန်းချက်များ | ၃ |
| ၃ | ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေကြမ်းအပေါ် လွှတ်တော်တွင် ဆွေးနွေးမှုများနှင့် ပြင်ဆင်ချက်များ | ၁၂ |

# ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေကြမ်းဆိုင်ရာ အချက်အလက်များ

၁။ ကျေးလက်ဒေသဖွံ့ဖြိုးမှုသည် ကျေးလက်ဒေသ၌ နေထိုင်သော ပြည်သူများ၏ ဘ၀အရည်အသွေးနှင့်စီးပွားရေးအရ ဖူလုံမှုကိုတိုးတက်အောင် ပြုလုပ်ပေးသော လုပ်ငန်းစဉ်များဖြစ်သည်။ ပညာရေး၊ စွန့်ဦးလုပ်ကိုင်မှု၊ ရုပ်ပိုင်းဆိုင်ရာ အခြေခံအဆောက်အအုံနှင့် လူမှုရေးဆိုင်ရာ အခြေခံအဆောက်အအုံအားလုံးသည် ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးကြီးသော အခန်းကဏ္ဍမှ ပါ ၀င်သည်။[1]

၂။ မြန်မာနိုင်ငံလူဦးရေ၏ ၇၀ ရာခိုင်နှုန်းသည် ကျေးလက်ဒေသနေပြည်သူများဖြစ်ပြီး ယင်းဒေသနေပြည်သူအများစုမှာ ဆင်းရဲနွမ်းပါးကြသည်။ ကျေးလက်ဒေသများတွင် ဆင်းရဲနွမ်းပါးမှု ကျရောက်ခံစားနေရခြင်းသည် မြို့ပြဒေသများထက် သိသိသာသာ မြင့်မားနေပြီး ကျေးလက်ဒေသတွင် ကျန်းမာရေး၊ လူမှုရေးနှင့်ပညာရေးစသည့် နယ်ပယ်များတွင်လည်း နောက်ကျကျန်ရစ်နေလျက်ရှိသည်။[2] ကျေးလက်နှင့်မြို့ပြ ဆင်းရဲချမ်းသာကွာဟမှု ကျဉ်းမြောင်းလာစေရေးအတွက် ကျေးလက်နေပြည်သူများ လူမှုဘ၀တိုးတက်မြင့်မားလာစေရန် အစီအမံများ တိုးမြှင့်လုပ်ဆောင်လျက်ရှိပါသည်။[3]

## အခန်း (၁)
## နောက်ခံအကြောင်းအရာများ

၃။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးလက်လူမှုဘ၀ဖွံ့ဖြိုးတိုးတက်ရေးကော်မတီသည် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေကို အသစ်ရေးဆွဲပြဋ္ဌာန်းနိုင်ရေးအတွက် ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့်အထူးကိစ္စရပ်များလေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်တို့မှ တာဝန်ရှိသူများပါဝင်ပြီး အရပ်ဘက်လူမှုအဖွဲ့အစည်းများမှ ပေးပို့လာသော အကြံပြုချက်များ ထည့်သွင်းဆွေးနွေးရန် အစည်းအဝေးကို (၇)ကြိမ် ပြုလုပ်ခဲ့ပါသည်။ ပထမအကြိမ် ဆွေးနွေးမှုများမှ ရရှိလာသော အချက်အလက်များကို အခြေခံ၍ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဥပဒေ (မူကြမ်း) ကို ရေးဆွဲခဲ့ခြင်းဖြစ်ပါသည်။[4]

---

[1] ကျေးလက်ဒေသ ဖွံ့ဖြိုးမှုဟူသည်၊ အယ်ဒီတာ့အာဘော်၊ The Daily Eleven သတင်းစာ၊ ၁၂-၈-၂၀၁၇၊ available from: https://news-eleven.com/editorials/3612 [viewed 25 February 2019]

[2] ကျေးလက်ဒေသ ဆင်းရဲနွမ်းပါးမှုနှင့်မြန်မာ၊ available from: http://www.mizzimaburmese.com [viewed 25 February 2019]

[3] မြစိမ်းရောင်ကျေးရွာစီမံကိန်း၊ available from: http://www.moi.gov.mm [viewed 25 February 2019]

[4] စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ကျေးလက်လူမှုဘ၀ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီက ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေကြမ်းကို တင်သွင်းခြင်း၊ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁) ကြိမ်မြောက် ပုံမှန်အစည်းအဝေး၊ (၁၈) ရက်မြောက်နေ့ မှတ်တမ်း၊ ၂၇-၂-၂၀၁၉၊ available from: https://www.pyithuhluttaw.gov.mm [viewed 12 March 2019]

၄။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးလက်လူမှုဘဝ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီမှ ပေးပို့သည့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေကြမ်းကို ပြည်ထောင်စုလွှတ်တော်ရုံးက ပြည်ထောင်စုလွှတ်တော် ဆိုင်ရာနည်းဥပဒေ ၈၀ နည်းဥပဒေခွဲ (က) အရ ပြည်သူ့လွှတ်တော်၌ ဆွေးနွေးနိုင်ရန်အတွက် ၁၄-၂-၂၀၁၉ ရက် တွင် ပေးပို့ခဲ့ပါသည်။[5]

၅။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ၂၁-၂-၂၀၁၉ ရက်တွင် ပြည်သူ့လွှတ်တော် နိုင်ငံသားများ၏ မူလ အခွင့်အရေးဆိုင်ရာကော်မတီ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးလက်လူမှုဘဝဖွံ့ဖြိုးရေးကော်မတီ၊ တောင်သူလယ်သမားနှင့် အလုပ်သမားရေးရာကော်မတီ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ် သုံးသပ်ရေးကော်မရှင်တို့မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်လည်းကောင်း၊ ၂၅-၂-၂၀၁၉ ရက်တွင် ပြည်သူ့လွှတ်တော် နိုင်ငံသားများ၏ မူလအခွင့်အရေးဆိုင်ရာကော်မတီ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးလက်လူမှုဘဝဖွံ့ဖြိုး တိုးတက်ရေးကော်မတီ၊ တောင်သူလယ်သမားနှင့် အလုပ်သမားရေးရာကော်မတီ၊ လျှပ်စစ်နှင့်စွမ်းအင် ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၊ ကျန်းမာရေးနှင့် အားကစားဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့်အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်တို့မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်လည်းကောင်း ညှိနှိုင်း အစည်းအဝေးများ ကျင်းပပြုလုပ်ခဲ့ပါသည်။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၅၉ အရ အခြေခံရမည့်မူ (၁၂) ချက်နှင့်အညီ စိစစ်လေ့လာခဲ့ ရာတွင် တွေ့ရှိချက်နှင့် ပြင်ဆင်ချက်များကို ဥပဒေကြမ်းကော်မတီက အစီရင်ခံစာ ဖတ်ကြားရှင်းလင်း ခဲ့ပြီး ၂၇-၂-၂၀၁၉ ရက်တွင် ကျင်းပပြုလုပ်သော ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁) ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၈) ရက်မြောက်နေ့တွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးလက်လူမှုဘဝဖွံ့ဖြိုး တိုးတက်ရေးကော်မတီမှ စတင်တင်သွင်းခဲ့ပါသည်။[6]

၆။ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဥပဒေကြမ်းကို ပြည်သူများ သိရှိလေ့လာ အကြံပြုနိုင်ရန် ၂၉-၁၂-၂၀၁၈၊ ၃၀-၁၂-၂၀၁၈ နှင့် ၃၁-၁၂-၂၀၁၈ ရက်များတွင် ထုတ်ဝေသော မြန်မာ့အလင်း သတင်းစာများ၌ ဖော်ပြထားပါသည်။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁) ကြိမ်မြောက်

[5] ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာ ဖတ်ကြားရှင်းလင်းခြင်း၊ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁) ကြိမ်မြောက် ပုံမှန်အစည်းအဝေး၊ (၁၈) ရက်မြောက်နေ့ မှတ်တမ်း၊ ၂၇-၂-၂၀၁၉၊ available from: https://www.pyithuhluttaw.gov.mm [viewed 12 March 2019]

[6] Ibid

ပုံမှန်အစည်းအဝေး (၂၄) ရက်မြောက်နေ့တွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေကြမ်းနှင့်စပ်လျဉ်း၍ တင်သွင်းထားသည့် ပြင်ဆင်ချက်အဆိုကို ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ကို ရယူခဲ့ပါသည်။[7]

## အခန်း (၂)

## ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဥပဒေကြမ်းပါ ပြဋ္ဌာန်းချက်များ

၇။ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေကြမ်းတွင် အခန်း (၁၂) ခန်း၊ အပိုဒ်ပေါင်း (၄၈) ပိုဒ် ပါဝင်ပါသည်။ **အခန်း (၁)၊ အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်** အခန်းတွင် အပိုဒ် (၂) ပိုဒ်နှင့် အပိုဒ်ခွဲ (၁၀) ခု ပါဝင်ပါသည်။ အပိုဒ် ၂ (ဂ) တွင် ကျေးလက်ဒေသဆိုသည်မှာ သက်ဆိုင်ရာ မြို့နယ်နိမိတ်၊ မြို့စည်ပင်သာယာရေးနယ်နိမိတ်နှင့် တပ်မြို့စည်ပင်သာယာရေး နယ်နိမိတ်အဖြစ် သတ်မှတ်ထားသော နယ်မြေတွင် ပါဝင်ခြင်းမရှိသော ကျေးရွာ သို့မဟုတ် ကျေးရွာအုပ်စုအဖြစ် သတ်မှတ်ဖွဲ့စည်းသည့် နယ်မြေအားလုံးကို ဆိုသည်ဟု ဖော်ပြထားပါသည်။ အပိုဒ် ၂ (ဃ) တွင် ကျေးလက်အိမ်ရာ ဆိုသည်မှာ ကျေးလက်ဒေသတွင် ဦးစီးဌာန၏ အစီအစဉ် သို့မဟုတ် ခွင့်ပြုချက်ဖြင့် ဆောက်လုပ်သော အိမ်ရာဟု ဖော်ပြထားပါသည်။[8]

၈။ အပိုဒ် ၂ (ဈ) တွင် ဝန်ကြီးဌာနဆိုသည်မှာ ပြည်ထောင်စုအစိုးရ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနဟု ဖော်ပြထားပြီး (ည) တွင် ဦးစီးဌာနဆိုသည်မှာ ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေး ဦးစီးဌာနကို ဆိုသည်ဟု ဖော်ပြထားပါသည်။[9]

၉။ **အခန်း (၂)၊ ရည်ရွယ်ချက်များ** အခန်း အပိုဒ် (၃) တွင် ဥပဒေကြမ်း၏ ရည်ရွယ်ချက်များကို အောက်ပါအတိုင်း ဖော်ပြထားပါသည် -

(က) ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ စဉ်ဆက်မပြတ် အကောင်အထည် ဖော်ဆောင်ရွက်ရန်၊

(ခ) မြို့ပြနှင့် ကျေးလက်ဒေသအကြား လူမှုစီးပွားအဆင့်အတန်းကွာဟချက်များ ကျဉ်းမြောင်း လာစေရန်၊

[7] ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေကြမ်းနှင့်စပ်လျဉ်း၍ တင်သွင်းထားသည့် ပြင်ဆင်ချက်အဆိုအား ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း၊ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁) ကြိမ်မြောက် ပုံမှန်အစည်းအဝေး၊ (၂၄) ရက်မြောက်နေ့မှတ်တမ်း၊ ၁၃-၃-၂၀၁၉၊ available from: https://www.pyithuhluttaw.gov.mm [viewed 12 March 2019

[8] အပိုဒ် ၂ (ဂ)၊ (ဃ)၊ အခန်း (၁)၊ အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဥပဒေကြမ်း၊ မြန်မာ့အလင်း၊ ၂၉-၁၂-၂၀၁၈၊ စာ-၁၀။

[9] အပိုဒ် ၂ (ဈ)၊ (ည)၊ အခန်း (၁)၊ အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဥပဒေကြမ်း၊ မြန်မာ့အလင်း၊ ၂၉-၁၂-၂၀၁၈၊ စာ-၁၀။

(ဂ) ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် ရရှိနိုင်သော လူ့စွမ်းအားနှင့် ငွေကြေးအရင်းအနှီးများကို ထိရောက်အကျိုးရှိစွာ အသုံးချနိုင်ရန်၊

(ဃ) ကျေးလက်ဒေသနေပြည်သူများ၏ စွမ်းဆောင်ရည်တိုးတက်လာစေရေးနှင့် ဘေးအန္တရာယ်များ ကျရောက်လာပါက ကျေးလက်ဒေသများ၌ တုံ့ပြန်ကာကွယ် ဆောင်ရွက်နိုင်မှု အားကောင်းသော လူမှုအဖွဲ့အစည်းများ ဖြစ်ပေါ်လာစေရေးတို့အတွက် ကြိုးပမ်းဆောင်ရွက်ရန်၊

(င) ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ဒေသခံပြည်သူများ ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်းကို အားပေးမြှင့်တင်ရန်၊

(စ) ကျေးလက်ဒေသရေရရှိရေး၊ ကျေးလက်ဒေသနေပြည်သူများ၏ ပညာရေးနှင့် ကျန်းမာရေးအဆင့်အတန်း တိုးတက်ကောင်းမွန်ရေး၊ ကျေးရွာတွင် လမ်း၊ ကုန်ထုတ်လမ်းနှင့် တံတားများ တည်ဆောက်ပြုပြင်ထိန်းသိမ်းရေး၊ ကျေးလက်ဒေသ လျှပ်စစ်မီးရရှိနေရေးနှင့် ကျေးလက်ဒေသနေပြည်သူများ၏ လူမှုတိုးတက်ရေးတို့ကို အကောင်အထည်ဖော်ဆောင်ရွက်ရန်။[10]

၁၀။ **အခန်း (၃)၊ ကြီးကြပ်မှုကော်မတီ ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ** အခန်းတွင် အပိုဒ် ၂ ပိုဒ်နှင့် အပိုဒ်ခွဲ ၁၁ ပိုဒ် ပါရှိပါသည်။ အပိုဒ် ၄၊ အပိုဒ်ခွဲ (က) တွင် ပြည်ထောင်စုအစိုးရအဖွဲ့သည် ကြီးကြပ်မှုကော်မတီကို ဝန်ကြီးဌာန၏ ပြည်ထောင်စုဝန်ကြီးက ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ ဒုတိယဝန်ကြီးက ဒုတိယဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ ဦးစီးဌာန၏ ညွှန်ကြားရေးမှူးချုပ်က အတွင်းရေးမှူးအဖြစ်လည်းကောင်း၊ ဦးစီးဌာန၏ ဒုတိယညွှန်ကြားရေးမှူးချုပ်က တွဲဖက်အတွင်းရေးမှူး အဖြစ်လည်းကောင်း၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများမှ ညွှန်ကြားရေးမှူးချုပ် အဆင့်အောက်မနိမ့်သည့် ပုဂ္ဂိုလ်များက အဖွဲ့ဝင်များအဖြစ် လည်းကောင်း ပါဝင် ဖွဲ့စည်းရမည်ဟု ဖော်ပြထားပြီး လိုအပ်ပါက ကြီးကြပ်မှုကော်မတီကို ပြင်ဆင်ဖွဲ့စည်းနိုင်သည်ဟုလည်းဖော်ပြထားပါသည်။[11]

၁၁။ အပိုဒ် ၅ တွင် ကြီးကြပ်မှုကော်မတီ၏ လုပ်ငန်းတာဝန်များကို ဖော်ပြထားပါသည်။ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများနှင့်စပ်လျဉ်း၍ အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် မူဝါဒများနှင့် လုပ်ငန်းစဉ်များချမှတ်ခြင်း၊ စီမံကိန်းများရေးဆွဲ၍ အစိုးရအဖွဲ့သို့တင်ပြခြင်း၊

---

[10] အပိုဒ် ၃၊ အခန်း (၂)၊ ရည်ရွယ်ချက်များ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေကြမ်း၊ မြန်မာ့အလင်း၊ ၂၉- ၁၂- ၂၀၁၈၊ စာ- ၁၀။

[11] အပိုဒ် ၄၊ အပိုဒ်ခွဲ (က) (ခ)၊ အခန်း (၃)၊ ကြီးကြပ်မှုကော်မတီ ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေကြမ်း၊ မြန်မာ့အလင်း၊ ၂၉-၁၂-၂၀၁၈၊ စာ-၁၀။

အစိုးရအဖွဲ့မှ အတည်ပြုချမှတ်ထားသည့် စီမံကိန်းများကို သတ်မှတ်ကာလအတွင်း အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ကြီးကြပ်ခြင်း၊ သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများနှင့် ညှိနှိုင်းပြီး ဦးစီးဌာနအား တာဝန်ပေးအပ် ဆောင်ရွက်စေခြင်း၊ ကုလသမဂ္ဂအဖွဲ့အစည်း၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်း၊ ပြည်ပနိုင်ငံ၊ ပြည်တွင်းပြည်ပ အစိုးရမဟုတ်သည့် အဖွဲ့အစည်း၊ အရပ်ဘက်လူမှုအဖွဲ့အစည်း၊ လူထုအခြေပြုအဖွဲ့အစည်းနှင့် ပုဂ္ဂလိကများထံမှ ဘဏ္ဍာရေးနှင့် နည်းပညာအကူအညီများကို အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဥပဒေနှင့်အညီ ရယူနိုင်ရန် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ရမည်ဟု ဖော်ပြထားပါသည်။

၁၂။ ကျေးလက်ဒေသနေပြည်သူများ၏ အလုပ်အကိုင်နှင့် ဝင်ငွေတိုးတက်ရရှိနိုင်ရန် အရင်း မပျောက်မတည်ရန်ပုံငွေ ထူထောင်ပေးခြင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း အကောင်အထည်ဖော်ဆောင်ရွက်ရန် လိုအပ်သည့်ကော်မတီများ၊ အဖွဲ့များဖွဲ့စည်းခြင်း၊ လုပ်ငန်းတာဝန်များသတ်မှတ်ခြင်းနှင့် ကြီးကြပ်ကွပ်ကဲခြင်း၊ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ သို့မဟုတ် နေပြည်တော်ကောင်စီနှင့် လိုအပ်သလို ဆက်သွယ်ညှိနှိုင်း ဆောင်ရွက်ခြင်း၊ အစိုးရအဖွဲ့က အခါအားလျော်စွာ ပေးအပ်သော ကျေးလက်ဒေသ ဖွံ့ဖြိုးရေးနှင့်စပ်လျဉ်းသော လုပ်ငန်းများကို ဆောင်ရွက်ရမည်ဟု ဖော်ပြထားပါသည်။[12]

၁၃။ **အခန်း ၄၊ ဦးစီးဌာန၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ** အခန်းတွင် အပိုဒ် ၂ ပိုဒ်နှင့် အပိုဒ်ခွဲ ၂၄ ပိုဒ်ပါဝင်ပါသည်။ အပိုဒ် ၆ တွင် ဦးစီးဌာနသည် ကြီးကြပ်မှုကော်မတီက တာဝန်ပေးအပ်သော ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများနှင့်စပ်လျဉ်းသည့် စီမံကိန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊ ကျေးလက်ဒေသနေပြည်သူများက တင်ပြလာသည့် လိုအပ်ချက်များကို အခြေခံ၍ ဒေသအသီးသီးရှိ သက်ဆိုင်ရာအဖွဲ့များနှင့် ညှိနှိုင်းရေးဆွဲ၍ ကြီးကြပ်မှုကော်မတီသို့ တင်ပြပြီး အတည်ပြုချက် ရရှိပါက အကောင်အထည်ဖော် ဆောင်ရွက်ခြင်း၊ ကော်မတီကအတည်ပြုချမှတ်ပေးသည့် လုပ်ငန်းစီမံကိန်းများအတွက် ရန်ပုံငွေ တွက်ချက်လျာထား တင်ပြရမည်ဟု ဖော်ပြထားပါသည်။[13]

၁၄။ ကြီးကြပ်မှုကော်မတီ၏ခွင့်ပြုချက်ဖြင့် နိုင်ငံတော်ဘဏ္ဍာရန်ပုံငွေ၊ နိုင်ငံတကာအကူအညီအထောက်အပံ့များ၊ သက်ဆိုင်ရာအစိုးရဌာနအဖွဲ့အစည်းများ၊ ပြင်ပအဖွဲ့အစည်းများနှင့် ပုဂ္ဂလိက

[12] အပိုဒ် ၅၊ အခန်း (၃)၊ ကြီးကြပ်မှုကော်မတီ ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေကြမ်း၊ မြန်မာ့အလင်း၊ ၂၉-၁၂-၂၀၁၈၊ စာ-၁၀။
[13] အပိုဒ် ၅၊ အခန်း (၃)၊ ကြီးကြပ်မှုကော်မတီ ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေကြမ်း၊ မြန်မာ့အလင်း၊ ၂၉-၁၂-၂၀၁၈၊ စာ-၁၀။

များ၏ အကူအညီနှင့် ဒေသခံပြည်သူလူထု ထည့်ဝင်ငွေများ ပါဝင်ပူးပေါင်းဆောင်ရွက်မှုဖြင့်ဖြစ်စေ၊ အောက်ပါလုပ်ငန်းများကို ဆောင်ရွက်ရမည်ဟု ဖော်ပြထားသည်-

(က) ကျေးလက်ဒေသရေရရှိရေး၊ ပတ်ဝန်းကျင်သန့်ရှင်းရေးနှင့် တစ်ကိုယ်ရေ သန့်ရှင်းရေး၊

(ခ) ကျေးလက်ဒေသ လျှပ်စစ်မီးရရှိရေး၊

(ဂ) ကျေးလက်ဒေသ အိမ်ရာတည်ဆောက်ခြင်း၊

(ဃ) ကျေးလက်ဒေသနေ ပြည်သူများ အလုပ်အကိုင်ရရှိရေးနှင့် စီးပွားရေးလုပ်ငန်းများ ဖော်ထုတ်ဆောင်ရွက်ရန်အတွက် သတ်မှတ်ချက်နှင့်အညီ အရင်းမပျောက် မတည်ရန်ပုံငွေ ထူထောင်ပေးခြင်း၊

(င) တစ်နိုင်တစ်ပိုင် အိမ်တွင်းမှု ကုန်ထုတ်လုပ်ငန်းများအတွက် နည်းပညာ၊ ငွေကြေးအရင်းအနှီးနှင့် ဈေးကွက် ရရှိနိုင်ရေး စီစဉ်ဆောင်ရွက်ခြင်း၊

(စ) ကျေးလက်ဒေသနေ ပြည်သူများ၏ လုပ်ငန်းစွမ်းဆောင်ရည် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံစက်မှုလက်မှု ကုန်ထုတ်လုပ်ငန်းဆိုင်ရာ လုပ်ငန်းခွင်သင်တန်း၊ အသက်မွေးဝမ်းကျောင်း သင်တန်းနှင့် စွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းများ ဖွင့်လှစ်နိုင်ရန် သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ခြင်း၊

(ဆ) ကျေးလက်ဒေသနေပြည်သူများကိုယ်တိုင် ပါဝင်အကောင်အထည်ဖော် ဆောင်ရွက်နိုင်မည့် အသေးစားအခြေခံအဆောက်အအုံ ဖွံ့ဖြိုးရေးလုပ်ငန်း၊ ဝင်ငွေတိုးလုပ်ငန်းနှင့် အသက်မွေးဝမ်းကျောင်း ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဖော်ဆောင်ပေးခြင်း။[14]

၁၅။ အပိုဒ် ၇ တွင် ဦးစီးဌာနသည် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရန် ကြီးကြပ်မှုကော်မတီ၏ သဘောတူညီချက်အရ အောက်ပါနည်းလမ်းတစ်ရပ်ရပ်ဖြင့် ဆောင်ရွက်နိုင်သည်ဟု ဖော်ပြထားပါသည်-

(က) ပုဂ္ဂလိကကုမ္ပဏီများအား သတ်မှတ်ချက်များနှင့်အညီ တင်ဒါခေါ်ယူပြီး လုပ်ငန်းအပ်နှံဆောင်ရွက်ခြင်း၊

[14] အပိုဒ် ၆၊ အခန်း (၄)၊ ဦးစီးဌာန၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေကြမ်း၊ မြန်မာ့အလင်း၊ ၂၉-၁၂-၂၀၁၈၊ စာ-၁၀။

(ခ) ကုလသမဂ္ဂအဖွဲ့အစည်းများ၊ ပြည်တွင်းပြည်ပအစိုးရ မဟုတ်သည့် အဖွဲ့အစည်းများ သို့မဟုတ် လူထုအခြေပြု အဖွဲ့အစည်းများနှင့် သဘောတူညီချက် လက်မှတ်ရေးထိုး ဆောင်ရွက်စေခြင်း၊

(ဂ) နည်းပညာလိုအပ်ချက်အရ တိုက်ရိုက်ဆောင်ရွက်ခြင်း၊

(ဃ) သက်ဆိုင်ရာ ကျေးရွာတွင် လုပ်ငန်းကော်မတီ၊ ဆပ်ကော်မတီ သို့မဟုတ် လုပ်ငန်း အဖွဲ့များ ဖွဲ့စည်းပေးပြီး ဦးစီးဌာန၏ နည်းပညာအကူအညီဖြင့် လုပ်ငန်းအပ်နှံ ဆောင်ရွက်ခြင်း၊

(င) နည်းပညာအကူအညီ လိုအပ်သည့် လုပ်ငန်းများကို သက်ဆိုင်ရာ အစိုးရဌာန၊ အဖွဲ့အစည်းများသို့ လုပ်ငန်းအပ်နှံဆောင်ရွက်ခြင်း။[15]

၁၆။ **အခန်း(၅)၊ ကျေးလက်ဒေသနေပြည်သူများ၏ တာဝန်နှင့်ရပိုင်ခွင့်များ** အခန်းတွင် အပိုဒ် ၂ ပိုဒ်နှင့် အပိုဒ်ခွဲ ၁၄ ပိုဒ် ပါဝင်ပါသည်။ အပိုဒ် ၈ တွင် ဖော်ပြထားသော ကျေးလက်ဒေသနေ ပြည်သူများ၏ တာဝန်များမှာ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ထားသော အခြေခံအဆောက်အအုံများကို ထိန်းသိမ်းစောင့်ရှောက်ရန်၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် ချေးငွေတစ်ရပ်ရပ်ကို ရယူပါက ယင်းချေးငွေဖြင့် သတ်မှတ်သည့်လုပ်ငန်းကို အကောင်အထည်ဖော် ဆောင်ရွက်ရန်နှင့် သတ်မှတ်ကာလအတွင်း ကျေအောင်ပြန်လည်ပေးဆပ်ခြင်း၊ သတ်မှတ်ကာလ ကျော်လွန်မှ ပေးဆပ်ပါက သတ်မှတ်သည့် ဒဏ်ကြေးငွေ ပေးဆောင်ရမည်တို့ဖြစ်သည်။[16]

၁၇။ အပိုဒ် ၉ တွင် မိမိကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို ဆောင်ရွက်ရန်အတွက် သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းသို့ တင်ပြပိုင်ခွင့်၊ ပါဝင်ဆောင်ရွက်ခွင့်နှင့် ဝေဖန်အကြံပြု ချက်များကို လွတ်လပ်စွာ ဆွေးနွေးတင်ပြခွင့်၊ ကျေးရွာအစီအစဉ်ဖြင့် ဆောင်ရွက်မည့် ဖွံ့ဖြိုး တိုးတက်ရေးလုပ်ငန်းများအတွက် လုပ်ငန်းကော်မတီ၏ သတ်မှတ်ချက်နှင့်အညီ ရန်ပုံငွေကောက်ခံ သုံးစွဲခွင့်နှင့် ပြင်ဆင်ထိန်းသိမ်းခွင့်၊ အရင်းမပျောက် မတည်ရန်ပုံငွေမှ ချေးငွေရယူသုံးစွဲခွင့်နှင့် ၎င်းချေးငွေလုပ်ငန်းမှ ရရှိသည့် အတိုးငွေများကို ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ၌ သုံးစွဲခွင့်၊ ရန်ပုံငွေသုံးစွဲမှုကို မေးမြန်းခွင့်၊ ဝန်ကြီးဌာန၏ အစီအစဉ်ဖြင့် ပြည်တွင်းပြည်ပ ကျေးလက်ဒေသ

[15] အပိုဒ် ၇၊ အခန်း (၄)၊ ဦးစီးဌာန၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေကြမ်း၊ မြန်မာ့အလင်း၊ ၃၀-၁၂-၂၀၁၈၊ စာ-၂၀။

[16] အပိုဒ် ၈၊ အခန်း (၅)၊ ဦးစီးဌာန၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေကြမ်း၊ မြန်မာ့အလင်း၊ ၃၀-၁၂-၂၀၁၈၊ စာ-၂၀။

ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို သွားရောက်လေ့လာခွင့်နှင့် အခွင့်အရေးများကို ခွဲခြားမှုမရှိဘဲ ရပိုင်ခွင့်ဟူ၍ ကျေးလက်ဒေသနေပြည်သူများ၏ ရပိုင်ခွင့်များကို ဖော်ပြထားပါသည်။[17]

၁၈။ **အခန်း (၆)၊ ကျေးလက်ဒေသရေရရှိရေး၊ ပတ်ဝန်းကျင် သန့်ရှင်းရေးနှင့် တစ်ကိုယ်ရေ သန့်ရှင်းရေးလုပ်ငန်းများ** အခန်းတွင် အပိုဒ် ၇ ပိုဒ်နှင့် အပိုဒ်ခွဲ ၁၀ ခု ပါဝင်ပါသည်။ အပိုဒ် ၁၂ တွင် ဦးစီးဌာနသည် ကျေးလက်ဒေသရှိ စာသင်ကျောင်း၊ ဆေးရုံနှင့် ဆေးခန်းများ ရေရရှိရေး၊ ပတ်ဝန်းကျင်သန့်ရှင်းရေးနှင့် တစ်ကိုယ်ရေ သန့်ရှင်းရေးဆိုင်ရာ လုပ်ငန်းများကို သတ်မှတ်ချက်များနှင့်အညီ စီမံချက်များ ရေးဆွဲဆောင်ရွက်ရမည်ဟု ဖော်ပြထားပါသည်။[18]

၁၉။ အပိုဒ် ၁၈ တွင် ဦးစီးဌာနသည် ကျေးလက်ဒေသနေပြည်သူများ ပတ်ဝန်းကျင်သန့်ရှင်းရေးနှင့် တစ်ကိုယ်ရေသန့်ရှင်းရေးဆိုင်ရာ အလေ့အထများ ကျင့်သုံးလာစေရေးအတွက် သက်ဆိုင်သည့် အစိုးရဌာန၊ အဖွဲ့အစည်းများ၊ ပုဂ္ဂလိကများနှင့် ပူးပေါင်း၍ ကောင်းမွန်သော အလေ့အထများ ကျင့်သုံးလာစေရန် လေ့ကျင့်ပျိုးထောင်ပေးခြင်း၊ အသိပညာပေးခြင်းနှင့် စည်းရုံးဆောင်ရွက်ခြင်းတို့ကို ဆောင်ရွက်ရမည်ဟု ဖော်ပြထားပါသည်။[19]

၂၀။ **အခန်း (၇)၊ ကျေးလက်ဒေသလျှပ်စစ်မီး ရရှိရေးလုပ်ငန်း** အခန်းတွင် အပိုဒ် ၄ ပိုဒ်နှင့် အပိုဒ်ခွဲ ၇ ပိုဒ် ပါဝင်ပါသည်။ အပိုဒ် ၁၉ တွင် ဦးစီးဌာနသည် ကျေးလက်ဒေသ လျှပ်စစ်မီးရရှိရေး လုပ်ငန်း ဆောင်ရွက်ရာတွင် သက်ဆိုင်သည့် အစိုးရဌာန၊ အဖွဲ့အစည်းများနှင့် ညှိနှိုင်း၍ တည်ဆဲဥပဒေများနှင့်အညီ လိုက်နာဆောင်ရွက်ရမည်ဖြစ်ပြီး ကျေးရွာလျှပ်စစ်မီးလင်းရေးကော်မတီကို ဖွဲ့စည်းဆောင်ရွက်ရမည်ဟု ဖော်ပြထားပါသည်။[20]

၂၁။ အပိုဒ် ၂၀ တွင် ကျေးလက်ဒေသလျှပ်စစ်မီး ရရှိရေးလုပ်ငန်းကို ကိုယ့်အားကိုယ်ကိုး ဆောင်ရွက်လိုသူသည် ဦးစီးဌာနမှတစ်ဆင့် ဝန်ကြီးဌာနသို့ သတ်မှတ်ချက်များနှင့်အညီ တင်ပြ၍ ခွင့်ပြုချက်ရယူဆောင်ရွက်ရမည်ဖြစ်ပြီး လျှပ်စစ်ဓာတ်အားခ ကောက်ခံနိုင်ရေးအတွက် ဝန်ကြီးဌာနသည် သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများနှင့် ညှိနှိုင်းစီစဉ် ဆောင်ရွက်ရမည်ဟု ဖော်ပြထားပါသည်။[21]

---

[17] အပိုဒ် ၉၊ အခန်း (၅)၊ ဦးစီးဌာန၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေကြမ်း၊ မြန်မာ့အလင်း၊ ၃၀-၁၂-၂၀၁၈၊ စာ-၂၀။

[18] အပိုဒ် ၁၂၊ အခန်း (၆)၊ ကျေးလက်ဒေသရေရရှိရေး၊ ပတ်ဝန်းကျင်သန့်ရှင်းရေးနှင့် တစ်ကိုယ်ရေသန့်ရှင်းရေးလုပ်ငန်း၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေကြမ်း၊ မြန်မာ့အလင်း၊ ၃၀-၁၂-၂၀၁၈၊ စာ-၂၀။

[19] အပိုဒ် ၁၈၊ အခန်း (၆)၊ ကျေးလက်ဒေသရေရရှိရေး၊ ပတ်ဝန်းကျင်သန့်ရှင်းရေးနှင့် တစ်ကိုယ်ရေသန့်ရှင်းရေးလုပ်ငန်း၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေကြမ်း၊ မြန်မာ့အလင်း၊ ၃၀-၁၂-၂၀၁၈၊ စာ-၂၀။

[20] အပိုဒ် ၁၉၊ အခန်း (၇)၊ ကျေးလက်ဒေသလျှပ်စစ်မီးရရှိရေးလုပ်ငန်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေကြမ်း၊ မြန်မာ့အလင်း၊ ၃၀-၁၂-၂၀၁၈၊ စာ-၂၀။

[21] အပိုဒ် ၂၀၊ အခန်း (၇)၊ ကျေးလက်ဒေသလျှပ်စစ်မီးရရှိရေးလုပ်ငန်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေကြမ်း၊ မြန်မာ့အလင်း၊ ၃၀-၁၂-၂၀၁၈၊ စာ-၂၀။

၂၂။ အပိုဒ် ၂၂ တွင် ပြည်တွင်းပြည်ပ အကူအညီအထောက်အပံ့ဖြင့် ဆောင်ရွက်သည့် ကျေးလက်ဒေသလျှပ်စစ်မီး ရရှိရေးလုပ်ငန်းတွင် ပြင်ဆင်ထိန်းသိမ်းခြင်း လုပ်ငန်းများ ဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာ ကျေးရွာ လျှပ်စစ်မီးလင်းရေးကော်မတီသည် ဦးစီးဌာန၏ သတ်မှတ်ချက်နှင့်အညီ ကုန်ကျစရိတ်ကောက်ခံနိုင်သည်ဟု ဖော်ပြထားပါသည်။[22]

၂၃။ **အခန်း (၈)၊ ကျေးလက်ဒေသအိမ်ရာတည်ဆောက်ရေးလုပ်ငန်း** အခန်းတွင် အပိုဒ် ၅ ပိုဒ်နှင့် အပိုဒ်ခွဲ ၃ ပိုဒ် ပါဝင်ပါသည်။ အပိုဒ် ၂၃ ၌ ကျေးလက်ဒေသအိမ်ရာ ဆောက်လုပ်ရာတွင် ကျေးလက်ဒေသနေပြည်သူများ အိုးအိမ်အတည်တကျ နေထိုင်နိုင်ရန်အတွက် အထောက်အကူဖြစ်စေရေး၊ သဘာဝဘေးဒဏ် ခံနိုင်ရည် ရှိစေရေးနှင့် သက်ဆိုင်ရာဒေသ၏ ဓလေ့ထုံးစံယဉ်ကျေးမှုတို့နှင့် ကိုက်ညီစေရေး၊ မြေယာပိုင်ဆိုင်မှုကို စနစ်တကျ စိစစ်သတ်မှတ်ရေးတို့ကို အလေးထား ဆောင်ရွက်ရမည်ဟု ဖော်ပြထားပါသည်။[23]

၂၄။ အပိုဒ် ၂၃ တွင် ဦးစီးဌာနသည် ကျေးလက်ဒေသအိမ်ရာ ဆောက်လုပ်ရေးလုပ်ငန်းတွင် မြေနေရာ ရွေးချယ်သတ်မှတ်ခြင်းမှစ၍ အိမ်ရာချထားခြင်းအပါအဝင် စီမံခန့်ခွဲရေးလုပ်ငန်းများကို သက်ဆိုင်သည့် အစိုးရဌာန၊ အဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ရမည်ဟု ဖော်ပြထားပါသည်။[24]

၂၅။ **အခန်း (၉)၊ အရင်းမပျောက်မတည်ရန်ပုံငွေ ထူထောင်ပေးခြင်းလုပ်ငန်း** အခန်းတွင် အပိုဒ် ၃ ပိုဒ်နှင့် အပိုဒ်ခွဲ ၆ ပိုဒ် ပါဝင်ပါသည်။ အပိုဒ် ၂၈ တွင် ကြီးကြပ်မှုကော်မတီသည် နိုင်ငံတော်ဘဏ္ဍာရန်ပုံငွေ၊ ပြည်တွင်းအလှူရှင်များ၊ နိုင်ငံတကာအစိုးရ၊ အစိုးရ မဟုတ်သော အဖွဲ့အစည်းများနှင့် ပုဂ္ဂလိကတို့က ထောက်ပံ့လှူဒါန်းငွေတို့ဖြင့် အရင်းမပျောက် မတည်ရန်ပုံငွေကို ထူထောင်ရမည်ဖြစ်ပြီး ၎င်းရန်ပုံငွေနှင့် အလုပ်အကိုင်အခွင့်အလမ်းများ၊ မိသားစုဝင်ငွေတိုးလုပ်ငန်းများ ဖော်ဆောင်ခြင်း၊ စားနပ်ရိက္ခာဖူလုံစေရေးအတွက် တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ရန်ပုံငွေမှ တိုးပွားလာသောငွေဖြင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို ပြည်သူများကိုယ်တိုင် အကောင်အထည်ဖော် ဆောင်ရွက်ခြင်း၊ ကျေးလက်ဒေသနေပြည်သူများ၏ စွမ်းဆောင်ရည် တိုးတက်

---

[22] အပိုဒ် ၂၂၊ အခန်း (၇)၊ ကျေးလက်ဒေသလျှပ်စစ်မီးရရှိရေးလုပ်ငန်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေကြမ်း၊ မြန်မာ့အလင်း၊ ၃၀-၁၂-၂၀၁၈၊ စာ-၂၀။

[23] အပိုဒ် ၂၃၊ အခန်း (၈)၊ ကျေးလက်ဒေသအိမ်ရာတည်ဆောက်ရေးလုပ်ငန်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေကြမ်း၊ မြန်မာ့အလင်း၊ ၃၀-၁၂-၂၀၁၈၊ စာ-၂၀။

[24] အပိုဒ် ၂၇၊ အခန်း (၈)၊ ကျေးလက်ဒေသအိမ်ရာတည်ဆောက်ရေးလုပ်ငန်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေကြမ်း၊ မြန်မာ့အလင်း၊ ၃၀-၁၂-၂၀၁၈၊ စာ-၂၀။

လာစေရေးနှင့် ဘေးအန္တရာယ်များ ကျရောက်လာပါက အကူအညီပေးနိုင်သော လူမှုအဖွဲ့အစည်းများ ပေါ်ပေါက်လာစေရေးအတွက် လေ့ကျင့်ပျိုးထောင်ခြင်းများ ပြုလုပ်ရမည်ဟု ဖော်ပြထားပါသည်။[25]

၂၆။ အပိုဒ် ၃၀ တွင် ကျေးလက်ဒေသနေပြည်သူများသည် အရင်းမပျောက်မတည်ရန်ပုံငွေများကို ချေးယူသုံးစွဲခွင့်ရှိပြီး စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ ရေလုပ်ငန်း၊ လျှပ်စစ်မီးရရှိရေး လုပ်ငန်း၊ ကုန်ထုတ်လုပ်ငန်း၊ ရောင်းဝယ်မှုလုပ်ငန်းနှင့် အခြားအသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် ချေးယူနိုင်သည်။ ချေးယူသည့် အရင်းငွေနှင့် ကျသင့်သည့် အတိုးငွေ တို့ကို ပြန်လည်ပေးသွင်းရမည်ဖြစ်ပြီး အတိုးငွေကို ဦးစီးဌာန၏ အတည်ပြုချက်ယူ၍ ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် သတ်မှတ်ချက်များနှင့်အညီ သုံးစွဲအကောင်အထည်ဖော် ဆောင်ရွက်ရမည်ဟု ဖော်ပြထားပါသည်။[26]

၂၇။ **အခန်း (၁၀)၊ ဘဏ္ဍာရန်ပုံငွေထိန်းသိမ်းခြင်းနှင့်စာရင်းစစ်ဆေးခြင်း** အခန်းတွင် အပိုဒ် ၆ ပိုဒ် ပါဝင်ပြီး ဝန်ကြီးဌာနနှင့် ဦးစီးဌာနတို့သည် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းအတွက် ခွင့်ပြုဘဏ္ဍာရန်ပုံငွေများကို ဘဏ္ဍာရေးစည်းမျဉ်းနှင့်အညီ သုံးစွဲရမည်ဟု ဖော်ပြထားပါသည်။[27]

၂၈။ **အခန်း (၁၁)၊ ပြစ်မှုနှင့်ပြစ်ဒဏ်များ** အခန်းတွင် အပိုဒ် ၃ ပိုဒ်ပါဝင်ပြီး ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းဆိုင်ရာပစ္စည်း သို့မဟုတ် ရန်ပုံငွေကို အလွဲသုံးစားပြုလျှင် တည်ဆဲဥပဒေ အရ အရေးယူရမည်ဖြစ်ပြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်းများကို တားဆီးရန် ပြုလုပ်ခြင်းကိုဖြစ်စေ၊ ရာဇဝတ်မကင်းသော အနိုင်အထက်ပြုခြင်းကိုဖြစ်စေ ပြုလုပ်ကြောင်း ပြစ်မှု ထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို နှစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်နှစ်သိန်းထက် မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်ဟု ဖော်ပြထားပါသည်။[28]

၂၉။ အပိုဒ် ၃၉ တွင် မည်သူမဆို ၎င်းဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများ၊ အမိန့်ကြော်ငြာစာနှင့် အမိန့်ပါပြဋ္ဌာန်းချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန် ကြောင်း သို့မဟုတ် လိုက်နာရန်ပျက်ကွက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို တစ်နှစ်

---

[25] အပိုဒ် ၂၈၊ အခန်း (၉)၊ အရင်းမပျောက်မတည်ရန်ပုံငွေ ထူထောင်ပေးခြင်းလုပ်ငန်း၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဥပဒေကြမ်း၊ မြန်မာ့အလင်း၊ ၃၀-၁၂-၂၀၁၈၊ စာ-၂၀။

[26] အပိုဒ် ၃၀၊ အခန်း (၉)၊ အရင်းမပျောက်မတည်ရန်ပုံငွေ ထူထောင်ပေးခြင်းလုပ်ငန်း၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဥပဒေကြမ်း၊ မြန်မာ့အလင်း၊ ၃၁-၁၂-၂၀၁၈၊ စာ-၂၀။

[27] အခန်း (၁၀)၊ ဘဏ္ဍာရန်ပုံငွေ ထိန်းသိမ်းခြင်းနှင့် စာရင်းစစ်ဆေးခြင်း၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဥပဒေကြမ်း၊ မြန်မာ့အလင်း၊ ၃၁-၁၂-၂၀၁၈၊ စာ-၂၀။

[28] အပိုဒ် ၃၇၊ အပိုဒ် ၃၈၊ အခန်း (၁၁)၊ ပြစ်မှုနှင့်ပြစ်ဒဏ်များ၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဥပဒေကြမ်း၊ မြန်မာ့အလင်း၊ ၃၁-၁၂-၂၀၁၈၊ စာ-၂၀။

ထက် မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်သိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေ ချမှတ်ရမည်ဟု ဖော်ပြထားပါသည်။[29]

၃၀။ **အခန်း (၁၂)၊ အထွေထွေ** အခန်းတွင် အပိုဒ် ၉ ပိုဒ်နှင့် အပိုဒ်ခွဲ ၃ ပိုဒ် ပါဝင်ပါသည်။ အပိုဒ် ၄၀၊ ၄၁ တွင် ကြီးကြပ်မှုကော်မတီသည် ကျေးလက်ဒေသနေပြည်သူများ၏ လူမှုစီးပွားရေးဆိုင်ရာ အသိပညာ တိုးပွားစေရေး ဆောင်ရွက်ရမည်ဖြစ်ပြီး ကျေးရွာကော်မတီ သို့မဟုတ် အဖွဲ့များဖွဲ့စည်းရာတွင် အမျိုးသား၊ အမျိုးသမီး တတ်နိုင်သမျှ အချိုးညီစွာ ပါဝင်ဖွဲ့စည်းရမည်ဟု ဖော်ပြထားပါသည်။[30]

၃၁။ အပိုဒ် ၄၂၊ ၄၃ တွင် ဦးစီးဌာနသည် အစိုးရဌာန၊ အဖွဲ့အစည်းအသီးသီးမှ ဆောင်ရွက်နေသည့် ဖွံ့ဖြိုးရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ သက်ဆိုင်သည့်ဌာန၊ အဖွဲ့အစည်းများနှင့် လိုအပ်သလို ပေါင်းစပ် ညှိနှိုင်းဆောင်ရွက်နိုင်ပြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့်စပ်လျဉ်း၍ ပြည်တွင်းပြည်ပ အကူအညီ အထောက်အပံ့ဖြင့် ရရှိသည့်ငွေကြေးနှင့် ပစ္စည်းသုံးစွဲမှုနှင့် လုပ်ငန်းဆောင်ရွက်မှုတို့ကို ထုတ်ပြန်ကြေညာရမည်ဟု ဖော်ပြထားပါသည်။[31]

၃၂။ အပိုဒ် ၄၄ တွင် ဦးစီးဌာနသည် ပြန်လည်ပေးဆပ်ရန် ပျက်ကွက်သည့် အရင်းမပျောက် မတည်ရန်ပုံငွေ အပါအဝင် ဦးစီးဌာနက ထုတ်ပေးထားသော ချေးငွေနှင့် ကျသင့်သည့် အတိုးငွေတို့ကို အရကောက်ခံရမည်ဟု ဖော်ပြထားပါသည်။[32]

၃၃။ အပိုဒ် ၄၅၊ ၄၆ တွင် ပုဒ်မ ၃၉ အရ ကျူးလွန်သည့် ပြစ်မှုများကို တရားစွဲဆိုရာတွင် ဝန်ကြီး ဌာန၏ ကြိုတင်ခွင့်ပြုချက် ရယူရမည်ဖြစ်ပြီး ဤဥပဒေအရ ဝန်ထမ်းတစ်ဦးဦးကို အရေးယူရန် လိုအပ်လျှင် ဝန်ကြီးဌာန၏ ကြိုတင်ခွင့်ပြုချက်ဖြင့်သာ တရားစွဲဆိုရမည်ဟု ဖော်ပြထားပါသည်။[33]

၃၄။ အပိုဒ် ၄၇ တွင် ပုဒ်မ ၃၈ နှင့် ၃၉ တို့ပါ ပြစ်မှုများကို ရဲအရေးယူပိုင်ခွင့်ရှိသော ပြစ်မှုများ အဖြစ် သတ်မှတ်သည်ဟု ဖော်ပြထားပါသည်။[34]

၃၅။ အပိုဒ် ၄၈ တွင် ဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ဝန်ကြီးဌာနသည် နည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့်

[29] အပိုဒ် ၃၉၊ အခန်း (၁၁)၊ ပြစ်မှုနှင့်ပြစ်ဒဏ်များ၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေကြမ်း၊ မြန်မာ့အလင်း၊ ၃၁-၁၂-၂၀၁၈၊ စာ-၂၀။

[30] အပိုဒ် ၄၀၊ ၄၁၊ အခန်း (၁၂)၊ အထွေထွေ၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဥပဒေကြမ်း၊ မြန်မာ့အလင်း၊ ၃၁-၁၂-၂၀၁၈၊ စာ-၂၀။

[31] အပိုဒ် ၄၂၊ ၄၃၊ အခန်း (၁၂)၊ အထွေထွေ၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဥပဒေကြမ်း၊ မြန်မာ့အလင်း၊ ၃၁-၁၂-၂၀၁၈၊ စာ-၂၀။

[32] အပိုဒ် ၄၄၊ အခန်း (၁၂)၊ အထွေထွေ၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေကြမ်း၊ မြန်မာ့အလင်း၊ ၃၁-၁၂-၂၀၁၈၊ စာ-၂၀။

[33] အပိုဒ် ၄၅၊ ၄၆၊ အခန်း (၁၂)၊ အထွေထွေ၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေကြမ်း၊ မြန်မာ့အလင်း၊ ၃၁-၁၂-၂၀၁၈၊ စာ-၂၀။

[34] အပိုဒ် ၄၇၊ အခန်း (၁၂)၊ အထွေထွေ၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဥပဒေကြမ်း၊ မြန်မာ့အလင်း၊ ၃၁-၁၂-၂၀၁၈၊ စာ-၂၀။

ထုတ်ပြန်နိုင်ပြီး ဝန်ကြီးဌာနနှင့် ကြီးကြပ်မှုကော်မတီတို့သည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်ဟု ဖော်ပြထားပါသည်။[35]

## အခန်း (၃)

## ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေကြမ်းအပေါ် လွှတ်တော်တွင် ဆွေးနွေးမှုများနှင့် ပြင်ဆင်ချက်များ

၃၆။ ၂၇-၂-၂၀၁၉ ရက်တွင် ကျင်းပပြုလုပ်သည့် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁) ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၈) ရက်မြောက်နေ့တွင် (မိုင်းရှူးမဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်) (အဖွဲ့ဝင်၊ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ) မှ ဦးစိုင်းထွန်းအေးက ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ လေ့လာတွေ့ရှိချက် အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းခဲ့ပါသည်။ ၎င်းအစီရင်ခံစာတွင် ပြင်ဆင်မှု ၅၅ ခု၊ ပယ်ဖျက်မှု ၃ ခုနှင့် အသစ် ဖြည့်စွက်မှု ၁ ခု ပါဝင်ပါသည်။[36]

၃၇။ ၎င်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်အဆိုများကို တင်သွင်းဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များအား အမည်စာရင်းတင်သွင်းနိုင်ကြောင်း တောင်းခံခဲ့ပြီး ဦးသန့်ဇင်ထွန်း (ဒက္ခိဏသီရိမဲဆန္ဒနယ်)၊ ဒေါက်တာကြည်မိုမိုလွင် (စဥ့်ကိုင်မဲဆန္ဒနယ်)၊ ဦးဝင်းဝင်း (မင်းဘူးမဲဆန္ဒနယ်)၊ ဦးခင်မောင်လတ် (မြန်အောင်မဲဆန္ဒနယ်)၊ ဦးမြင့်ဦး (သနပ်ပင်မဲဆန္ဒနယ်)၊ ဦးသက်နိုင်ဦး (ရေဖြူမဲဆန္ဒနယ်)၊ ဦးမြင့်ဦး (မကွေးမဲဆန္ဒနယ်)၊ ဦးမျိုးဇော်ဦး (လယ်ဝေးမဲဆန္ဒနယ်)၊ ဒေါက်တာ လင်းလင်းကျော် (မြစ်သားမဲဆန္ဒနယ်)၊ ဒေါ်ဝင့်ဝါထွန်း (ရှားတောမဲဆန္ဒနယ်)၊ ဦးကျော်ကြီး (ခ) ဦးအုန်းခင် (မင်းလှမဲဆန္ဒနယ်) မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် (၁၁) ဦးက ဆွေးနွေးရန်နှင့် ပြင်ဆင်ချက်အဆိုများကို တင်သွင်းခဲ့ကြပါသည်။[37]

၃၈။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီက ဆွေးနွေးရန်နှင့် ပြင်ဆင်ချက်အဆို တင်သွင်းသည့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်သူ့လွှတ်တော် နိုင်ငံသားများ၏ မူလအခွင့်အရေးဆိုင်ရာကော်မတီ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးလက်လူမှုဘဝ

---

[35] အပိုဒ် ၄၈၊ အပိုဒ်ခွဲ (က) (ခ)၊ အခန်း (၁၂)၊ အထွေထွေ၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေကြမ်း၊ မြန်မာ့အလင်း၊ ၃၁-၁၂-၂၀၁၈၊ စာ-၂၀။

[36] စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးလက်လူမှုဘဝ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီက ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဥပဒေကြမ်းကို တင်သွင်းခြင်း၊ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁) ကြိမ်မြောက် ပုံမှန်အစည်းအဝေး၊ (၁၈) ရက်မြောက်နေ့ မှတ်တမ်း၊ ၂၇-၂-၂၀၁၉၊ available from: https://www.pyithuhluttaw.gov.mm [viewed 12 March 2019]

[37] ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေကြမ်းနှင့်စပ်လျဉ်း၍ တင်သွင်းထားသည့် ပြင်ဆင်ချက်အဆိုအား ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း၊ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁) ကြိမ်မြောက် ပုံမှန်အစည်းအဝေး၊ (၂၄) ရက်မြောက်နေ့မှတ်တမ်း၊ ၁၃-၃-၂၀၁၉၊ available from: https://www.pyithuhluttaw.gov.mm [viewed 12 March 2019]

ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၊ ကျန်းမာရေးနှင့်အားကစား ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၊ တောင်သူလယ်သမားနှင့်အလုပ်သမားရေးရာကော်မတီ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနနှင့် ပြည်ထောင်စုရှေ့နေချုပ်ရုံးတို့မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ၉-၃-၂၀၁၉ ရက်တွင် ညှိနှိုင်း အစည်းအဝေးကျင်းပပြုလုပ်ခဲ့ပြီး ၎င်းအစည်းအဝေးဆုံးဖြတ်ချက်အရ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီမှ ပြင်ဆင်ရန်အချက် (၅၉) ချက်ကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် တင်ပြခဲ့ပါသည်။[38]

၃၉။ ပြည်ထောင်စုဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနမှ ဒေါက်တာအောင်သူက ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီအပါအဝင် သက်ဆိုင်ရာ ရေးရာကော်မတီများ၊ အစိုးရဌာနများ၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးတို့မှ ဆွေးနွေးညှိနှိုင်း ပြင်ဆင်ထားပြီး ဖြစ်သည့်အတွက် ဝန်ကြီးဌာနအနေဖြင့် ၎င်းဥပဒေကြမ်းအား ပြင်ဆင်ရန် ဆွေးနွေးချက်အပေါ်တွင် သဘောတူညီပါကြောင်း တင်ပြခဲ့ပါသည်။[39]

၄၀။ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြင်ဆင်ချက် အဆိုတင်သွင်းခြင်း၊ ဆွေးနွေးဆုံးဖြတ်ခြင်းများ ပြုလုပ်ခဲ့ပြီး လွှတ်တော်၏ ပြင်ဆင်အတည်ပြုချက်များကြောင့် ပြင်ဆင်ထားသည့် အပိုဒ်၊ အပိုဒ်ခွဲများအတိုင်း အတည်ပြုရန် လွှတ်တော်က သဘောတူခဲ့သည့်အတွက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေကြမ်း တစ်ရပ်လုံးကို ပြင်ဆင်ထားသည့် အပိုဒ်၊ အပိုဒ်ခွဲများအတိုင်း ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁) ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၂၄) ရက်မြောက်နေ့တွင် အတည်ပြုခဲ့ပါသည်။[40]

၄၁။ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၉၁ အရ ပြည်သူ့လွှတ်တော်က အတည်ပြုပြီးသော ဥပဒေကြမ်းတစ်ရပ်ကို အမျိုးသားလွှတ်တော်၌ ဆွေးနွေးရန် ဥပဒေကြမ်း မိတ္တူတစ်စောင်ကို ဥက္ကဋ္ဌ သို့မဟုတ် ဒုတိယဥက္ကဋ္ဌက လက်မှတ်ရေးထိုး၍ ပေးပို့ခဲ့ပါသည်။[41]

---

[38] ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေကြမ်းနှင့်စပ်လျဉ်း၍ တင်သွင်းထားသည့် ပြင်ဆင်ချက်အဆိုအား ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း၊ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁) ကြိမ်မြောက် ပုံမှန်အစည်းအဝေး၊ (၂၄) ရက်မြောက်နေ့မှတ်တမ်း၊ ၁၃-၃-၂၀၁၉၊ available from: https://www.pyithuhluttaw.gov.mm [viewed 12 March 2019]

[39] Ibid

[40] Ibid

[41] ပုဒ်မ ၁၉၁၊ အခန်း (၁၈)၊ လွှတ်တော်သို့ စတင်တင်သွင်းသည့် ဥပဒေကြမ်းများ၊ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေများ၊ စာ- ၁၁၃။

## သတိပြုရန် အချက်များ

ဤသတင်းအချက်အလက်သည် လွှတ်တော်ကိုယ်စားလှယ်များအား ၎င်းတို့၏ လွှတ်တော်ဆိုင်ရာ တာဝန်များကိုဆောင်ရွက်ရာတွင် အထောက်အကူပြုရန်အတွက် ဖြစ်ပါသည်။ ပုဂ္ဂိုလ်ရေးဆိုင်ရာ ကိစ္စတစ်စုံတစ်ခုအတွက် အသုံးပြုရန်မဟုတ်ပါ။ အချိန်နှင့်တပြေးညီနောက်ဆုံးရသတင်းဖြစ်မည်ဟု သတ်မှတ်မထားသင့်ပါ။ ဤအချက်အလက်များအား တရားဝင် သို့မဟုတ် ပညာရှင်ဆိုင်ရာ အကြံပေးချက်အဖြစ် မသတ်မှတ်သင့်ပါ။ အထူးအကြံပေးချက် သို့မဟုတ် သတင်းအချက်အလက်များ လိုအပ်ပါက အရည်အသွေးပြည့်မီသော သင့်လျော်သည့် ကျွမ်းကျင်ပညာရှင်နှင့် ဆွေးနွေးတိုင်ပင် သင့်ပါသည်။ လွှတ်တော်သုတေသနဝန်ဆောင်မှုဌာနသည် စာတမ်းတိုများတွင်ပါဝင်သော အကြောင်းအရာများအား လွှတ်တော်ကိုယ်စားလှယ်များ၊ ဝန်ထမ်းများနှင့်သာ မျှဝေဆွေးနွေးမည် ဖြစ်ပါသည်။ အများပြည်သူနှင့် မျှဝေရန်မဟုတ်ပါ။

သုတေသနလုပ်ငန်းဆိုင်ရာ စုံစမ်းမေးမြန်းမှုများပြုလုပ်ရန် (သို့မဟုတ်) သုတေသနနှင့်လေ့ကျင့်ရေးဌာနခွဲအား လာရောက်လေ့လာရန် အောက်ပါလိပ်စာအတိုင်း ဆက်သွယ်နိုင်ပါသည်-


သုတေသနနှင့်လေ့ကျင့်ရေးဌာနခွဲ

ဇမ္ဗူသီရိဆောင် - ပထမထပ်

တယ်လီဖုန်း - ၀၆၇-၅၉၁၂၇၆

၀၆၇-၅၉၁၄၁၇

dd.research@pds.hluttaw.net